**လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့**

**အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ**

# လယ်ယာမြေမှ စျေးကွက်ဆီသို့-

# လယ်ယာစိုက်ပျိုးထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား

# စီးပွားရေးလုပ်ငန်းများ (MSMEs) အကြား

# တန်ဖိုးကွင်းဆက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး


**စာတမ်းတင်ပြသူ**

**ဒေါက်တာအိရွှေစင်ထွန်း**

**ညွှန်ကြားရေးမှူး**

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

**စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့်**

**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**


**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အနှစ်ချုပ် | က |
| ၂။ | အတိုကောက်ဝေါဟာရများ | ခ |
| ၃။ | အခန်း (၁) ၊ နိဒါန်းနှင့် မူဝါဒဆိုင်ရာနောက်ခံအခြေအနေ | |
| | ၁.၁။ နိဒါန်း | ၁ -၂ |
| | ၁.၂။ စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍပေါင်းစပ်ချိတ်ဆက်ခြင်း၏ အရေးပါပုံ | ၂ |
| | ၁.၃။ ပြဿနာဖော်ပြချက် | ၃ |
| | ၁.၄။ စာတမ်း၏ရည်ရွယ်ချက် | ၃ |
| ၄။ | အခန်း(၂) ၊ စာပေဆိုင်ရာ သုံးသပ်ချက်နှင့် သုတေသနနည်းလမ်း | |
| | ၂.၁။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ရေရှည်တည်တံ့သော စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်မူဘောင် | ၄ |
| | ၂.၂။ တန်ဖိုးကွင်းဆက် သဘောတရားနှင့် အဆင့်ဆင့် ချိတ်ဆက်မှု | ၄ |
| | ၂.၃။ သုတေသနနည်းလမ်း | ၅ |
| ၅။ | အခန်း (၃)၊ ဒေသတွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများကို လေ့လာဆန်းစစ်ခြင်း | ၆ |
| | ၃.၁။ ထိုင်းနိုင်ငံ၏ မဟာဗျူဟာများ (OTOP, Food Valley နှင့် PPPP မော်ဒယ်) | |
| | ၃.၁.၁။ Banana Society အောင်မြင်မှုဖြစ်စဉ် (Success Story - ၁) | ၇ |
| | ၃.၁.၂။ ချင်းမိုင်ဒေသ PPPP မော်ဒယ် (Success Story - ၂) | ၇-၈ |
| | ၃.၁.၃။ ထိုင်းနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ - MSME - အစိုးရ | ၈-၉ |

သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုအခြေအနေ

၃.၂။ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး‌ဝ ကွင်းဆက်နှင့် စံပြစာချုပ်မော်ဒယ် ၉

၃.၂.၁။ Smart Agriculture ‌ ceability ၉-၁၀

၃.၂.၂။ ဗီယက်နမ်ကော်ဖီနှင့်ရာသီဥတုဒဏ်ခံနိုင်သောတန်ဖိုးကွင်းဆက် ၁၀

(Success Story-၁)

၃.၂.၃။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ "Large-scale Fields" စီမံကိန်း ၁၀-၁၁

(Success Story -၂)

၆။ အခန်း (၄)၊ မြန်မာနိုင်ငံ၏ လက်ရှိမြေပြင်အခြေအနေ၊ စိန်ခေါ်မှုများနှင့် တွေ့ရှိချက်များ

၄.၁။ မက်ခရိုစီးပွားရေးနှင့် စက်မှု-လယ်ယာ ဟန်ချက် ၁၂

၄.၂။ လယ်ယာစီးပွား မြေပြင်စစ်တမ်းတွေ့ရှိချက်များ ၁၂-၁၃

၄.၃။ လယ်ယာစိုက်ပျိုးသူများနှင့် MSME များအကြား ပူးပေါင်းဆောင်ရွက်မှု၏ ၁၃-၁၄

အခန်းကဏ္ဍ

၄.၄။ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အတားအဆီးများ ၁၄-၁၅

၄.၅။ စာချုပ်လယ်ယာစနစ် (Contract Farming) အားနည်းခြင်းနှင့် ၁၅-၁၆

ယုံကြည်မှုကွာဟချက်

၇။ အခန်း (၅)၊ အစိုးရ၊ ပုဂ္ဂလိက၊ သမဝါယမနှင့် ထုတ်လုပ်သူများ သုံးပွင့်ဆိုင် မဟာဗျူဟာ

မူဘောင်

၅.၁။ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာမူဘောင်၏ သဘောတရား ၁၇

နှင့် အရေးပါပုံ

၅.၂။ မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊တာဝန်နှင့်လုပ်ငန်းတာဝန်ခွဲဝေမှု၁၇-၁၈

၅.၃။ သုံးပွင့်ဆိုင်မူဘောင်အောင်မြင်စေရန် အဓိကမောင်းနှင်အားများ ၁၈-၁၉

နှင့် မျှော်မှန်းရလဒ်များ

၈။ အခန်း (၆)၊ နိဂုံးချုပ်နှင့် မူဝါဒဆိုင်ရာ တိုက်တွန်းချက်များ ၂၀

၉။ အကိုးအကားစာရင်း ၂၁-၂၂

## အနှစ်ချုပ် (Executive Summary)

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးကဏ္ဍသည် လုပ်သားများ၏ ၅၁% ကျော်ကို အလုပ်အကိုင် အခွင့်အလမ်း ပေးထားပြီး၊ MSME လုပ်ငန်းများသည်လည်း စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၀% ကျော်ကို လွှမ်းခြုံထားပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဂျီဒီပီ (GDP) စာရင်းများအရ လယ်ယာကဏ္ဍကြီးမှ ၂၆.၉% နှင့် စက်မှုကဏ္ဍကြီးမှ ၃၅.၆% ပါဝင်လျက်ရှိသည်။ သို့ရာတွင် စိုက်ပျိုးထုတ်လုပ်သူများနှင့် အဆိုပါထွက်ကုန်များကို ကုန်ချောအဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်သည့် Agro-based MSME များအကြား တန်ဖိုးကွင်းဆက် ချိတ်ဆက်မှု အားနည်းနေခြင်း၊ သွင်းအားစုစရိတ် ကြီးမြင့်လာချိန်တွင် တောင်သူ့လက်ဝယ်အခြေခံဈေး (Farm-gate Price) စပါးဈေးကျဆင်းမှုကြောင့် တောင်သူများ၏ လက်ရှိပေါက်ဈေးအရ အမြတ်ငွေ ၄၀% အထိ ထိုးဆင်းသွားခြင်း၊ အအေးပေးသိုလှောင်ရုံ (Cold Storage) နှင့် အခြောက်ခံစနစ်များ မလုံလောက် မှုကြောင့် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကြီးမားခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ဤစာတမ်းတွင် ထိုင်းနိုင်ငံ၏ OTOP/Food Valley စနစ် နှင့် ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်း ပေါ်ဒေသ စံပြစာချုပ်လယ်ယာ မော်ဒယ်များကို လေ့လာသုံးသပ်ထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ၏ လက်ရှိမြေပြင် အခြေအနေနှင့် ကိုက်ညီသော "အချက် (၆) ချက်ပါ ပေါင်းစပ်မော်ဒယ် (6-Pillar Integrated Model)" နှင့် "အစိုးရ-ပုဂ္ဂလိက-ထုတ်လုပ်သူ သုံးပွင့်ဆိုင် မူဘောင် (Public-Private-Producer Partnerships - PPPP Framework)" ကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် မူဝါဒ အကြံပြုချက်အဖြစ် တင်ပြထားပါသည်။

### သော့ချက်ဝေါဟာရများ

တန်ဖိုးကွင်းဆက် ၊ စာချုပ်လယ်ယာစနစ် ၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှု ၊ မူလဇစ်မြစ်ခြေရာခံစနစ် ၊ သွင်းကုန်အစားထိုးခြင်း

**အတိုကောက်ဝေါဟာရများ**

**B2B:** Business-to-Business (စီးပွားရေးလုပ်ငန်း အချင်းချင်း ချိတ်ဆက်ရောင်းဝယ်မှု)

**FAO:** Food and Agriculture Organization of the United Nations (ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့)

**FDA:** Food and Drug Administration (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)

**FPOs:** Farmer Producer Organizations (တောင်သူ ထုတ်လုပ်သူအစုအဖွဲ့များ)

**GAHP:** Good Animal Husbandry Practices (ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်များ)

**GAP:** Good Agricultural Practices (ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အထကောင်းများ)

**GDP:** Gross Domestic Product (နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး)

**GI:** Geographical Indication (ဒေသဆိုင်ရာ အညွှန်းအမှတ်အသား / ဒေသထွက် အမှတ်တံဆိပ်)

**GMP:** Good Manufacturing Practices (ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အထ စံနှုန်းများ)

**HACCP:** Hazard Analysis Critical Control Point (ဘေးအန္တရာယ် ဖြစ်စေနိုင်သော အချက်များ ဆန်းစစ်ခြင်းနှင့် အရေးကြီးသည့် ထိန်းချုပ်ရာအချက် စနစ်)

**IFPRI:** International Food Policy Research Institute (နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒ သုတေ သန အဖွဲ့အစည်း)

**IoT:** Internet of Things (အရာဝတ္ထုပစ္စည်းများ အချင်းချင်း အင်တာနက်ဖြင့် ချိတ်ဆက်ထိန်းချုပ် သော နည်းပညာ)

**MSMEs:** Micro, Small and Medium Enterprises (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ)

**OTOP:** One Tambon One Product (ထိုင်းနိုင်ငံ၏ တစ်ရွာတစ်ထုတ်ကုန် အစီအစဉ်)

**PPPP:** Public-Private-Producer Partnerships (အစိုးရ-ပုဂ္ဂလိက-ထုတ်လုပ်သူ သုံးပွင့်ဆိုင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု)

Quality Control (အရည်အသွေး ထိန်းချုပ်စစ်ဆေးခြင်း)

**SFVC:** Sustainable Food Value Chain (ရေရှည်တည်တံ့သော စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်)

## အခန်း(၁)

## နိဒါန်းနှင့် မူဝါဒဆိုင်ရာ နောက်ခံအခြေအနေ

### ၁.၁။ နိဒါန်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာအရ အချက်အချာကျသည့် တည်နေရာတွင် တည်ရှိပြီး ကမ္ဘာ့လူဦးရေများပြားသည့် နိုင်ငံကြီးများအကြားတွင် တည်ရှိပါ သည်။ မြန်မာနိုင်ငံတွင် လူဦးရေ (၅၁) သန်းကျော် နေထိုင်ပြီး ရေမြေရာသီဥတု ကောင်းမွန်ကာ သဘာဝသယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။[1] မြန်မာနိုင်ငံ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေး နှစ် GDP အရ လယ်ယာကဏ္ဍကြီးမှ (၂၆.၉) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးမှ (၃၅.၆) ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးမှ (၃၇.၄) ရာခိုင်နှုန်း ပါဝင်ပါသည်။[2] လယ်ယာကဏ္ဍကြီးတွင်လည်း လယ်ယာကဏ္ဍသည် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍအဖြစ် ပါဝင်ပြီး လူဦးရေ၏ (၅၁) ရာခိုင်နှုန်း ကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်ရေထွက်ကုန်လုပ်ငန်းများတွင် အလုပ် လုပ်ကိုင် လျက်ရှိပါသည်။[3] ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် စားရေရိက္ခာဖူလုံမှုအတွက် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ထို့အတူ နိုင်ငံ့ထုတ်ကုန်တိုးတက်မှုအတွက် စက်မှုကဏ္ဍသည်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ GDP ၏ (၃၅.၆) ရာခိုင်နှုန်းအထိ ပြောင်းလဲတိုးတက်လာမှုသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် ရောက်ရှိလာသည့် အခြေအနေဖြစ်ပါသည်။[4] စက်မှုဖွံ့ဖြိုးတိုးတက်မှုတွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ကြမ်းများကို အခြေခံ သည့် တန်ဖိုးမြှင့်ထုတ်ကုန် တိုးတက်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ သစ်အခြေခံစက်မှုလုပ်ငန်းများ၊ ဒေသထွက်ကုန် တန်ဖိုးမြှင့်လုပ်ငန်းများ အများဆုံး တိုးတက်လာ ခဲ့ကြောင်း တွေ့ရပါသည်။ တစ်ဖက်တွင်လည်း

---

[1] ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ

[2] ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ၊ အမျိုးသားစီမံကိန်း

[3] ကမ္ဘာ့ဘဏ်၏ World Bank Data - Employment in agriculture (Myanmar)

[4] The Global Economy - Myanmar Share of Industry https://www.theglobaleconomy.com/Burma-Myanmar/share_of_industry/

စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ရာတွင် သီးနှံအထွက်နှုန်းများ ပန်းတိုင်အထွက်နှုန်းရရှိရန်နှင့် နိုင်ငံတကာစျေးကွက်ဝင် အရည်အသွေး မြင့်သီးနှံများ ထုတ်လုပ်ရန် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါသည်။ ထို့အတူ သားငါး၊ နို့၊ ကြက်ဥစသည့် သားငါးထုတ်လုပ်မှုကဏ္ဍသည်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းများစွာရှိသဖြင့် ယင်းအခွင့်အလမ်းကို ထိရောက်အကျိုးရှိစွာ အသုံးပြုရန် လိုအပ်ပါသည်။ ထို့ပြင် ပြည်သူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာ ရေး၊ ပညာရည်မြင့်မားရေးမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို များစွာအထောက် အကူ ပြုစေမည်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိမြေပြင်အခြေအနေတွင် လယ်ယာစိုက်ပျိုးသူများနှင့် MSME များ အကြား တန်ဖိုးကွင်းဆက် (Value Chain) ပူးပေါင်းဆောင်ရွက်မှုမှာ အားနည်းနေဆဲဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိမှု အားနည်းခြင်း၊ နည်းပညာနှင့် စျေးကွက် ဆိုင်ရာ အချက်အလက်များ ချိတ်ဆက်မှု အားနည်းခြင်းတို့သည် အဓိကစိန်ခေါ်မှုများအဖြစ် ရှိနေ သည်။ ထို့ပြင် လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရာတွင် စံချိန် စံညွှန်းမီ အရည်အသွေး ထိန်းချုပ်နိုင်မှု အားနည်းခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက် အခဲများသည် တန်ဖိုးကွင်းဆက်ကို ပြတ်တောက်စေသည့် အကြောင်းရင်းများ ဖြစ်နေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ထွက်ကုန်များကို အားပေးမြှင့်တင်ကာ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှုကို အားပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ လယ်ယာမြေမှ စျေးကွက်သို့ ရောက်ရှိစေရေးအတွက် တောင်သူများနှင့် MSME များအကြား စာချုပ်လယ်ယာစနစ် (Contract Farming) သို့မဟုတ် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုပုံစံများကို နည်းပညာနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများဖြင့် ချိတ်ဆက်ပေးရန်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့စေရေးအတွက် မဖြစ်မနေ လိုအပ် လျက် ရှိပါသည်။

## ၁.၂။ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍ ပေါင်းစပ်ချိတ်ဆက်ခြင်း၏ အရေးပါပုံ

လယ်ယာထွက်ကုန်များကို ကုန်ကြမ်း(Raw Materials)အဖြစ် သက်သက်သာသာ ပြည်တွင်း/ ပြည်ပသို့ ရောင်းချနေရခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးနည်းပါးပြီး ဈေးနှုန်း အတက်အကျဒဏ်ကို အလွန်အမင်း ခံစားရစေပါသည်။ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍကို ပေါင်းစပ်ချိတ်ဆက်ပေးခြင်း (Agro-Industrial Integration) ဖြင့် အကျိုးကျေးဇူးများကို ရရှိစေ မည် ဖြစ်ပါသည်။ ကုန်ကြမ်းများကို စက်မှုနည်းပညာဖြင့် သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ခေတ်မီထုပ်ပိုးခြင်းများ ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်တန်ဖိုးကို ဆတက် ထမ်းပိုး မြှင့်တင်နိုင်ခြင်း၊ ပြည်တွင်း၌ အမြောက်အမြား လိုအပ်နေသော စားသုံးဆီ၊ ချည်ထည်နှင့် လူသုံးကုန်များကို ဒေသတွင်း သီးနှံများဖြင့် အစားထိုးထုတ်လုပ်ကာ နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်ခြင်း၊ ရာသီအလိုက် သီးနှံများ ပေါများစွာထွက်ရှိချိန်တွင် MSME စက်ရုံများနှင့် သိုလှောင်ရုံများက ထိန်းသိမ်းဝယ်ယူပေးနိုင်သဖြင့် လေလွင့်ဆုံးရှုံးမှု ကင်းဝေးစေခြင်းနှင့် တောင်သူများသည် အာမခံဈေးကွက်ရရှိပြီး MSME များသည်လည်း စံချိန်မီကုန်ကြမ်းများကို တည်ငြိမ်စွာ ရရှိစေခြင်းတို့ဖြစ်ပါသည်။

## ၁.၃။ ပြဿနာဖော်ပြချက်

မြန်မာနိုင်ငံ၏ လယ်ယာစီးပွားကွင်းဆက်တွင် ကုန်ထုတ်လုပ်သူ (တောင်သူလယ်သမားများ) နှင့် MSME များအကြား ထိရောက်ခိုင်မာသည့် တန်ဖိုးကွင်းဆက် (Value Chain) ချိတ်ဆက်မှု အားနည်းနေဆဲဖြစ်ပါသည်။ စာချုပ်လယ်ယာစနစ် (Contract Farming) တွင် ဥပဒေ အကာအကွယ် မပြည့်စုံခြင်း၊ သတင်းအချက်အလက် ကွာဟချက်ကြောင့် ကြားခံပွဲစားများအပေါ် အလွန်အမင်း မှီခိုနေရခြင်း၊ အအေးခန်းသိုလှောင်ရုံ မလုံလောက်မှုကြောင့် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကြီးမားခြင်းနှင့် စိုက်ပျိုးရေး/ MSME ဘဏ်ချေးငွေရရှိမှု နည်းပါးခြင်းတို့သည် နိုင်ငံ့ စီးပွား တိုးတက်မှုကို အဓိကဟန့်တားနေသည့် စိန်ခေါ်မှုများ ဖြစ်နေပါသည်။

## ၁.၄။ စာတမ်း၏ ရည်ရွယ်ချက်

ဤမူဝါဒစာတမ်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးမဏ္ဍိုင်ဖြစ်သော လယ်ယာစိုက်ပျိုးထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း

များ (MSMEs) အကြား ကုန်ကြမ်းထုတ်လုပ်မှုမှသည် ဈေးကွက်သို့ ရောက်ရှိသည်အထိ တစ်ဆက် တစ်စပ်တည်း လည်ပတ်နိုင်မည့် တန်ဖိုးကွင်းဆက် (Value Chain) ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်ဖြစ်ပြီး၊ "မျိုး၊ မြေ၊ ရေ၊ နည်း" အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း နှင့်အတူ ခိုင်မာမျှတသော စံပြစာချုပ်လယ်ယာစနစ် (Contract Farming)၊ အပေါင်ပစ္စည်းကိုသာ အဓိကမထားသည့် တန်ဖိုးကွင်းဆက်အခြေပြု ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ GAP/ GMP စံချိန်စံညွှန်းမီ အရည်အသွေးထိန်းချုပ်မှုနှင့် ခြေရာခံစနစ် (Traceability) များကို အစိုးရ-ပုဂ္ဂလိက-ထုတ်လုပ်သူ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု (PPPP) ဖြင့် ဖော်ဆောင်ကာ ပြည်တွင်း စားသုံးဆီနှင့် အခြေခံလူသုံးကုန် သွင်းကုန်အစားထိုးရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် နိုင်ငံ့စီးပွားရေး (GDP) ရေရှည်တည်တံ့စွာ ပြန်လည်ဦးမော့လာစေမည့် မဟာဗျူဟာမြောက် မူဘောင်နှင့် လက်တွေ့လုပ်ငန်းစဉ်များကို ချမှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။

# အခန်း (၂)

# စာပေဆိုင်ရာသုံးသပ်ချက်နှင့် သုတေသနနည်းလမ်း

## ၂.၁။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ရေရှည်တည်တံ့သော စားနပ်ရိက္ခာ တန်ဖိုးကွင်းဆက်မူဘောင်

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ သတ်မှတ်ချက်အရ ရေရှည်တည်တံ့သော စားနပ်ရိက္ခာ တန်ဖိုးကွင်းဆက် (Sustainable Food Value Chain - SFVC) ဆိုသည်မှာ ကုန်ကြမ်းထုတ်လုပ်မှု၊ စုစည်းမှု၊ ပြုပြင်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုနှင့် စားသုံးသူထံ ရောက်ရှိသည်အထိ ကွင်းဆက်တစ်လျှောက် ပါဝင်သူအားလုံး စီးပွားရေးအရ အမြတ်အစွန်းရရှိပြီး လူမှုရေးအရ အားလုံးပါဝင် အကျိုးခံစားခွင့်ရှိကာ ၊သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံး ဖြစ်စေသော စနစ်တစ်ခုလုံး ချဉ်းကပ်မှု (Systems Approach) ဖြစ်ပါသည်။[5] ထို့ကြောင့် မူဝါဒ ရေးဆွဲရာတွင် စိုက်ပျိုးထုတ်လုပ်မှု ဗဟိုပြုသည့် ချဉ်းကပ်မှုမှသည် ဈေးကွက်ဝယ်လိုအားကို ဗဟို ပြုသည့် "ဈေးကွက်ဦးတည် တန်ဖိုးကွင်းဆက် ချဉ်းကပ်မှု (Market-driven Value Chain Approach)" သို့ အသွင်ကူးပြောင်းရမည် ဖြစ်ပါသည်။

## ၂.၂။ တန်ဖိုးကွင်းဆက် သဘောတရားနှင့် အဆင့်ဆင့် ချိတ်ဆက်မှု

လယ်ယာကဏ္ဍ တန်ဖိုးကွင်းဆက် (Agricultural Value Chain) ၏ အဓိက အစိတ်အပိုင်း (၃) ခုမှာ-

အဆင့်(၁) ကုန်ကြမ်းထုတ်လုပ်မှုအဆင့် (Upstream)တွင် မျိုးစေ့၊ မြေဩဇာ၊ နည်းပညာနှင့် ငွေကြေးအရင်းအမြစ်များကို သုံးစွဲကာ တောင်သူများက အရည်အသွေးမီ ကုန်ကြမ်းများ ကို စိုက်ပျိုးထုတ်လုပ်ခြင်း။

အဆင့် (၂) စုစည်းခြင်းနှင့် တန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်မှုအဆင့် (Midstream)တွင် Agro-based MSME များနှင့် သမဝါယမများက ကုန်ကြမ်းများကို

[5] Food and Agriculture Organization of the United Nations. (2014). *Developing sustainable food value chains: Guiding principles*.

စုစည်းကာ ခေတ်မီနည်း ပညာဖြင့် သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကုန်ချောအဖြစ် ပြောင်းလဲခြင်းနှင့် ထုပ်ပိုးခြင်း။

အဆင့် (၃) ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်တင်ပို့ခြင်းအဆင့် (Downstream) တွင် သိုလှောင်ခြင်း၊ အအေးပေး သယ်ယူပို့ဆောင်ခြင်း၊ ကုန်စည်ဒိုင်များ၊ ပြည်တွင်း စူပါမားကတ်များ နှင့် ပြည်ပ ပို့ကုန်ဈေးကွက်သို့ အပြီးသတ် ဖြန့်ဖြူးတင်ပို့ခြင်းတို့ ဖြစ်ပါသည်။

## ၂.၃။ သုတေသနနည်းလမ်း

ဤမူဝါဒစာတမ်းကို ပမာဏအခြေပြု (Quantitative) နှင့် အရည်အသွေးအခြေပြု (Qualitative) အချက်အလက်များကို ပေါင်းစပ်အသုံးပြုထားသည့် "ပေါင်းစပ် သုတေသနနည်းလမ်း (Mixed-Methods Approach)" ဖြင့် ပြုစုထားပါသည်။

IFPRI ၏ လယ်ယာစိုက်ပျိုးသူ တောင်သူ ၄,၅၅၃ ဦးနှင့် သွင်းအားစု ဆိုင်ပေါင်း ၂၂၇ ဆိုင် တို့ထံမှ ကောက်ယူရရှိသော ထုတ်လုပ်မှုစရိတ်၊ အထွက်နှုန်းနှင့် ဝင်ငွေဆိုင်ရာ စစ်တမ်းအချက် အလက်များ[6]၊ ကမ္ဘာ့ဘဏ်၏ စားသောက်ကုန် ပြုပြင်ထုတ်လုပ်ရေး MSME လုပ်ငန်းပေါင်း ၄၀၀ အား စစ်တမ်းကောက်ယူထားသည့် စက်ရုံထုတ်လုပ်နိုင်စွမ်း၊ အရည်အသွေး စံချိန်စံညွှန်းနှင့် စွမ်းအင်အခက်အခဲဆိုင်ရာ အချက်အလက်များကို အခြေခံထားပါသည်။[7]

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ SFVC မူဘောင်[8]၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ PPPP မော်ဒယ်များနှင့် စာချုပ်လယ်ယာ လေ့လာချက်များ [9]၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မက်ခရိုစီးပွားရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် GDP စာရင်းအင်း

[6] Aung, K. T., & Minten, B. (2026). *Rice productivity and profitability during the 2025 monsoon season in Myanmar* (Working Paper). International Food Policy Research Institute (IFPRI).

[7] World Bank Group. (2026). *Myanmar Economic Monitor & Transforming food processing industries*

[8] Food and Agriculture Organization of the United Nations. (2014). *Developing sustainable food value chains: Guiding principles*. FAO.

[9] Hoang, V. (2021). Impact of contract farming on farmers' income in the food value chain: A theoretical analysis and empirical study in Vietnam.

များ၊ နိုင်ငံတော်၏ "မျိုး၊ မြေ၊ ရေ၊ နည်း" လမ်းညွှန်ချက်များနှင့် ပေါင်းစပ်နိုင်းယှဉ် သုံးသပ်ထား ပါသည်။

# အခန်း (၃)

# ဒေသတွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများကို လေ့လာဆန်းစစ်ခြင်း

## ၃.၁။ ထိုင်းနိုင်ငံ၏ မဟာဗျူဟာများ (OTOP, Food Valley နှင့် PPPP မော်ဒယ်)

ထိုင်းနိုင်ငံသည် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှသည် ကမ္ဘာ့စားသောက်ကုန် မီးဖိုချောင် (Kitchen of the World) အဖြစ်သို့ ပြောင်းလဲနိုင်ရန် "Thailand Food Valley" စီမံကိန်းဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာ ဖော်ဆောင်ခဲ့ပါ သည်။ ထိုင်းနိုင်ငံ၏ Agri-Tech နှင့် Agro-MSME Cluster စနစ်မှုဘောင်အနေဖြင့် စိုက်ပျိုးရေး မှသည် ကမ္ဘာ့စားသောက်ကုန် မီးဖိုချောင်သို့ (Kitchen of the World) အစီအစဉ်အဖြစ် ထိုင်းနိုင်ငံ သည် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းသက်သက် တင်ပို့ခြင်းထက် နိုင်ငံတကာ စံချိန် စံညွှန်းမီ တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် "Thailand Food Valley" စီမံကိန်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အဓိက မောင်းနှင်အားအဖြစ် အသုံးပြုခဲ့ပါ သည်။

Agri-Tech နှင့် Startup ဂေဟစနစ် အနေဖြင့် တောင်သူလယ်သမားများနှင့် MSME များကို နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်ရန်အတွက် Farm Management Software, IoT နှင့် ဇီဝနည်းပညာ (Agri-Tech Startups) များကို အစိုးရ၏ ဘတ်ဂျက်နှင့် မူဝါဒများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးထားပါသည်။

တစ်ရွာတစ်ထုတ်ကုန် (OTOP) နှင့် အစုအဖွဲ့ (Cluster) စနစ်ဖြင့် ဒေသထွက်ကုန်များကိုတန်ဖိုးမြှင့်တင်ခြင်း ဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံ၏ထင်ရှားသော "တစ်ရွာတစ်ထုတ်ကုန်" (One Tambon One Product - OTOP) မူဝါဒအရ ကျေးလက်ဒေသရှိ လယ်ယာထွက်ကုန်များကို အခြေခံသော အသေးစားစီးပွားရေးလုပ်ငန်းများနှင့် အစုအဖွဲ့များကို ရွေးချယ်ကာ ထုပ်ပိုးမှု (Packaging)၊ ဒီဇိုင်းနှင့်အရည်အသွေးစံချိန်စံညွှန်း (GMP/HACCP) ပြည့်မီအောင် နိုင်ငံတော်က အထူးပြု ပံ့ပိုးပေးထားပါသည်။

တက္ကသိုလ်များနှင့် သုတေသနဌာနများ၏ ပံ့ပိုးမှုအားကောင်းစေခြင်းဖြင့် ဒေသန္တရ MSME များနှင့် တောင်သူများ ထုတ်လုပ်သည့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်ထုတ်ကုန်များ နိုင်ငံ တကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် တက္ကသိုလ်များနှင့် သိပ္ပံသုတေသနဌာနများ

(NSTDA) က နည်းပညာ၊ ဓာတ်ခွဲခန်းစစ်ဆေးမှုနှင့် Product Development များကို လက်တွေ့ကူညီ ဆောင်ရွက်ပေးပါသည်။

### ၃.၁.၁။ Banana Society အောင်မြင်မှုဖြစ်စဉ် (Success Story -၁ )

"Banana Society" (ငှက်ပျောစိုက်ပျိုးတောင်သူများ သမဝါယမနှင့် MSME ချိတ်ဆက်မှု) အစီအစဉ်အရ ထိုင်းနိုင်ငံရှိ တောင်သူများအနေဖြင့် ငှက်ပျောသီးများကို ပြင်ပဈေးကွက်သို့ ကုန်ကြမ်းအဖြစ် ရောင်းချရာတွင် ဈေးနှုန်းအတက်အကျဒဏ်ကို အလွန်အမင်း ခံစားကြရပါသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် "Banana Society" အမည်ဖြင့် တောင်သူများနှင့် အသေးစား MSME လုပ်ငန်းရှင်များ ပူးပေါင်းကာ သမဝါယမစနစ်ဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ စတင်ထုတ်လုပ်ခဲ့ပါသည်။ ရိုးရာနည်းဖြင့် ရောင်းချခြင်းအစား နေလှန်းခြောက်သွေ့ စဉ်ဆက်မပြတ် ငှက်ပျောသီးခြောက်များ၊ အဆင့်မြင့် ထုပ်ပိုးမှုစနစ်သုံး (Vacuum Packaging) ငှက်ပျောကြော်များနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သရေစာထုတ်ကုန်များ (Value-added Banana Products) အဖြစ် ပြောင်းလဲထုတ်လုပ်ခဲ့ကြပါသည်။ ရလဒ်နှင့် အောင်မြင်မှုအနေဖြင့် အစိုးရ၏ OTOP ပလက်ဖောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်း ထောက်ခံချက်များနှင့် ဒီဂျစ်တယ် ဈေးကွက်ချိတ်ဆက်မှုများကြောင့် ယခုအခါ အဆိုပါ Banana Society ၏ ထုတ်ကုန်များသည် ထိုင်းနိုင်ငံတစ်ဝန်းရှိ စူပါမားကတ်များသာမက ကမ္ဘာ့နိုင်ငံများသို့ပါ တင်ပို့နိုင်သည်အထိ ဈေးကွက်ကျယ်ပြန့်လာပြီး တောင်သူများ၏ ဝင်ငွေကို သိသာထင်ရှားစွာ မြင့်တက်စေခဲ့ပါသည်။[10]

ထိုင်းနိုင်ငံ၏ ပုံစံကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း ဒေသထွက် လယ်ယာထွက်ကုန်များကို အခြေခံသည့် MSME များကို တစ်ပိုင်တစ်နိုင် အဆင့်မှသည် OTOP ကဲ့သို့ စုပေါင်းအမှတ်တံဆိပ် (Collective Brand) များ ဖန်တီးပေးခြင်း၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ကာ ထုပ်ပိုးမှုနှင့်

[10] OSMEP - Office of SMEs Promotion

နည်းပညာ မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်နိုင်ပါက လယ်ယာမြေမှ ဈေးကွက်ဆီသို့ တန်ဖိုးကွင်းဆက် ပူးပေါင်းဆောင်ရွက်မှုကို အထူး အောင်မြင်စေမည် ဖြစ်ပါသည်။

### ၃.၁.၂။ ချင်းမိုင်ဒေသ PPPP မော်ဒယ် (Success Story -၂)

ထိုင်းနိုင်ငံ မြောက်ပိုင်း ချင်းမိုင်ဒေသရှိ တောင်သူများသည် သစ်သီးဝလံနှင့် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းသက်သက်အနေဖြင့်သာ တင်ပို့ကြရသဖြင့် ရာသီဥတုဒဏ်နှင့် ဈေးကွက်ပေါက်ဈေး အတက်အကျဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရသည်။ တစ်ဖက်တွင်လည်း ဒေသတွင်းရှိ အစားအစာ MSME များသည် စက်ရုံလည်ပတ်ရန်အတွက် အရည်အသွေးညီညာသော ကုန်ကြမ်းများကို အချိန်မီ မရရှိခြင်းနှင့် ငွေကြေးအရင်းအနှီး လည်ပတ်မှု အခက်အခဲများ ကြုံတွေ့နေရပါသည်။ထိုင်းအစိုးရ (SME Development Bank နှင့် စိုက်ပျိုးရေးဝန်ကြီးဌာန) က တောင်သူများနှင့် MSME များအကြား တရားဝင် "စာချုပ်လယ်ယာစနစ် (Contract Farming)" ချုပ်ဆိုရန် ဥပဒေရေးရာ အကာအကွယ်နှင့် စံပြစာချုပ် မူဘောင်များ ဖန်တီးပေးခဲ့ပါသည်။ ထို့အပြင် MSME များကို ခေတ်မီစက်ကရိယာ ဝယ်ယူရန် သက်သာသော အတိုးနှုန်းဖြင့် စက်မှုချေးငွေများ ထောက်ပံ့ပေးခဲ့သည်။ တောင်သူများသည် အသင်းအဖွဲ့များ (Agricultural Coopera-tives) ဖွဲ့စည်းကာ အစိုးရ၏ နည်းပညာအကူအညီဖြင့် GAP စံနှုန်းများကို ကျင့်သုံးလာကြပြီး၊ လိုအပ်သော ကုန်ကြမ်းပမာဏကို စနစ်တကျ ထုတ်လုပ်ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ Agro-based MSME များက အဆိုပါ ကုန်ကြမ်းများကို အဆင့်မြှင့် ထုပ်ပိုးမှုစနစ် (Vacuum Packaging)၊ QR Code မူလဇာစ်မြစ် ခြေရာခံစနစ်နှင့် အမှတ်တံဆိပ်ကောင်းများ (Collective Branding) ဖန်တီး ကာ ထိုင်းနိုင်ငံတစ်ဝန်းရှိ စူပါမားကတ်ကြီးများ (7-Eleven, Lotus's, Big C) သာမက အာဆီယံနှင့် နိုင်ငံတကာ ပို့ကုန်ဈေးကွက်အထိ အောင်မြင်စွာ ထိုးဖောက်နိုင်ခဲ့ပါသည်။

ဖော်ပြပါ "ထိုင်းနိုင်ငံ ချင်းမိုင်ဒေသထွက်ကုန်များနှင့် အာဟာရစိုက်ပျိုးရေးသမဝါယမ - MSME ချိတ်ဆက်မှု" မှ အောင်မြင်ရလဒ်များနှင့် အကျိုးကျေးဇူးများအနေဖြင့် ကုန်ကြမ်းဈေးကွက် ပျက်စီးခြင်းမှ ကင်းဝေးသွားပြီး၊ စာချုပ်လယ်ယာစနစ်အရ အနည်းဆုံး အာမခံဈေး (Floor Price) နှင့် MSME တို့၏ အမြတ်အစွန်း ခွဲဝေမှုစနစ်ကြောင့် တောင်သူများ၏ တစ်နှစ်တာဝင်ငွေ သိသာ ထင်ရှားစွာ မြင့်တက်လာခဲ့ပါသည်။ ကုန်ကြမ်းပြတ်လပ်မှုမရှိတော့ဘဲ

စက်ရုံများကို တစ်နှစ်ပတ် လုံး တည်ငြိမ်စွာ လည်ပတ်နိုင်ခဲ့ကာ ထုတ်လုပ်မှုစွမ်းအား (Production Capacity) နှစ်ဆနီးပါး မြင့်တက်လာခဲ့ပါသည်။နိုင်ငံတွင်းရှိ လယ်ယာထွက်ကုန်များကို ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ နေရခြင်းမှ ရပ်တန့်ကာ နိုင်ငံတကာ စံချိန်စံညွှန်းမီ တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် တင်ပို့ နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်မှုကို အပြည့်အဝဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

## ၃.၁.၃။ ထိုင်းနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ - MSME - အစိုးရ သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှု အခြေအနေ

အာဆီယံဒေသတွင်းတွင် တောင်သူလယ်သမားများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs) နှင့် အစိုးရဌာနဆိုင်ရာများ (Government) တို့ အကြား သုံးပွင့်ဆိုင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု (Public-Private-Producer Partnerships - PPPP) ကို အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံး အကောင်အထည်ဖော်ပြနေပါသည်။ ထိုင်းနိုင်ငံ၏ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု မူဘောင် (Thailand's PPPP Framework) အနေဖြင့် ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့က တောင်သူများ နှင့် MSME များအတွက် လိုအပ်သော "Single Stop Service" ကဲ့သို့သော အထောက်အကူပြု စင်တာများ ဖွင့်လှစ်ပေးခြင်း၊ OTOP (One Tambon One Product) မူဝါဒဖြင့် ဒေသထွက်ကုန် များကို ဈေးကွက်တင်ရန် တွန်းအားပေးခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများ (GAP / GMP) ရရှိစေ ရန် နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများကို စနစ်တကျ ချိတ်ဆက်ဆောင်ရွက်ပေးပါသည်။

တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေကြသောလယ်သမားများကိုစုစည်းကာ "Agricultural Cooperatives" များ ဖွဲ့စည်းစေပြီး၊ စက်ရုံသုံး ကုန်ကြမ်းများအတွက် လိုအပ်သော ပမာဏနှင့် အရည်အသွေး (Volume and Quality) တည်ငြိမ်စွာ ထွက်ရှိစေရန် စိုက်ပျိုးရေးအလေ့အထကောင်းများ (GAP) ကို တိကျစွာလိုက်နာကျင့်သုံးကြပါသည်။ Agro-based MSME လုပ်ငန်းရှင်များက သမဝါယမ အသင်းများမှတစ်ဆင့် အရည်အသွေးမီ ကုန်ကြမ်းများကို တည်ငြိမ်သော ဈေးနှုန်းဖြင့် ဝယ်ယူကာ ခေတ်မီစက်ကိရိယာများ၊ အဆင့်မြင့် ထုပ်ပိုးမှုစနစ်များ (Modern Packaging) နှင့် ဒီဂျစ်တယ် ဈေးကွက်ချိတ်ဆက်မှုများ (E-

commerce/ Modern Trade) အသုံးပြု၍ တန်ဖိုးမြှင့် စားသောက် ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ကြပါသည်။

## ၃.၂။ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်နှင့် စံပြစာချုပ်မော်ဒယ်

ဗီယက်နမ်နိုင်ငံသည် ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြှင့်ထုတ်လုပ်မှုသို့ အသွင်ကူးပြောင်းကာ ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့သည့်နိုင်ငံနှင့် ထိပ်တန်း ဆန်စပါးတင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့ပါသည်။[11]

### ၃.၂.၁။ **Smart Agriculture & Traceability**

အာဆီယံဒေသတွင်းတွင် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များကို ခေတ်မီနည်းပညာ (Agri-Tech)၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် ချိတ် ဆက်ကာ ကမ္ဘာ့ဈေးကွက်သို့ အောင်မြင်စွာ တင်ပို့နိုင်နေသည့် ဗီယက်နမ်နိုင်ငံ၏ မဟာ ဗျူဟာပုံစံနှင့် လက်တွေ့ဆောင်ရွက်ချက်များမှာ လယ်ယာနှင့် MSME တန်ဖိုးကွင်းဆက် အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်နေသည့်ပုံစံ ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံသည် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းသက်သက်တင်ပို့ခြင်း မှ ရပ်တန့်ကာ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added Products) ထုတ်လုပ်ရန်အတွက် နိုင်ငံတော်မူဝါဒအနေဖြင့် တက်ကြွစွာ ပြောင်းလဲခဲ့ပါသည်။ ယခုအခါ ကမ္ဘာ့ဒုတိယ အကြီးဆုံး ကော်ဖီတင်ပို့သည့်နိုင်ငံနှင့် ထိပ်တန်းဆန်စပါး၊ ရာဘာ၊ သစ်သီးဝလံ တင်ပို့ သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ စမတ်စိုက်ပျိုးရေးနှင့် နည်းပညာဂေဟစနစ် (Smart Agriculture & Agri-Tech) အရ အာရုံခံကိရိယာများ (IoT)၊ ကြီးမားသော အချက် အလက်ခွဲခြမ်းစိတ်ဖြာမှု (Big Data)၊ ဉာဏ်ရည်တု (AI) နှင့် ကုန်ပစ္စည်း မူလဇစ်မြစ် ခြေရာခံစနစ် (Blockchain Traceability) များကို စိုက်ပျိုးထုတ်လုပ်မှုမှသည် MSME ပြုပြင်ထုတ်လုပ်ရေး စက်ရုံများအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးချလျက်ရှိပါသည်။

[11] World Bank Group. (2024). *Greening Viet Nam's rice bowl: A Mekong Delta success story*

ဗီယက်နမ်အစိုးရသည် ဒေသအလိုက် ထွက်ရှိသည့် သီးနှံများအပေါ် မူတည်ကာ တောင်သူလယ်သမား သမဝါယမအသင်းများ (Cooperatives) နှင့် Agro-processing MSME များကို စုစည်းပေးထားသည့် Cluster စနစ်များကို တည်ထောင်ပေးထားပါသည်။ ကမ္ဘာ့ဘဏ်နှင့် ဗီယက်နမ်အစိုးရတို့ ပူးပေါင်း၍ တောင်သူများနှင့် MSME များအတွက် စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ကာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများနှင့် နည်းပညာများကို ပံ့ပိုးပေးခြင်းဖြင့် ကုန်ကြမ်းအရည်အသွေး တည်ငြိမ်မှုကို တည်ဆောက် ခဲ့ပါသည်။

**၃.၂.၂။ ဗီယက်နမ်ကော်ဖီနှင့်ရာသီဥတုဒဏ်ခံနိုင်သော တန်ဖိုးကွင်းဆက်(Success Story-၁)**

ဗီယက်နမ်နိုင်ငံ၏ ဗဟိုဒေသများ (Central Highlands) ရှိ ကော်ဖီစိုက်တောင်သူ သန်းပေါင်းများစွာနှင့် MSME လုပ်ငန်းရှင်များသည် ယခင်က ရာသီဥတုဖောက်ပြန်မှု၊ အရည်အသွေး မညီညာမှုနှင့် ဈေးကွက် မရေရာမှုများကို ပြင်းထန်စွာ ခံစားခဲ့ရပါသည်။ ကော်ဖီနှင့် ဆန်စပါး တန်ဖိုးကွင်းဆက် ငွေကြေးထောက်ပံ့မှု အနေဖြင့် အစိုးရ၏ ပံ့ပိုးမှုဖြင့် တောင်သူများနှင့် MSME များသည် Global G.A.P နှင့် နိုင်ငံတကာ စားသောက်ကုန် ဘေးကင်းလုံခြုံရေး စံနှုန်းများကို တဝတည်း ကျင့်သုံးလာကြပါသည်။ ထို့အပြင် ထုတ်ကုန် ထုပ်ပိုးမှုများတွင် စားသုံးသူများ ဖုန်းဖြင့် စကန်ဖတ်ကာ မည်သည့်ဒေသ၊ မည်သည့် တောင်သူ၏ ခြံမှထွက်ရှိသည်ကို ကြည့်ရှုနိုင်သည့် QR Code Traceability စနစ်ကို အပြည့် အဝ အသုံးပြုခဲ့ကြပါသည်။ နည်းပညာနှင့် စံချိန်စံညွှန်း အသုံးချမှုစနစ်ကြောင့် ဗီယက်နမ် ကော်ဖီသည် ဥရောပသမဂ္ဂ (EU) နှင့် အမေရိကန် အပါအဝင် ကမ္ဘာ့ဈေးကွက်ကြီးများသို့ တန်ဖိုးမြင့် ကော်ဖီမှုန့်နှင့် အသင့်သောက် ကော်ဖီထုတ်ကုန်များအဖြစ် တင်ပို့နိုင်ခဲ့ပြီး တောင်သူများနှင့် MSME များ၏ ဝင်ငွေကို သိသာထင်ရှားစွာ မြင့်တက်စေခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ အောင်မြင်မှုပုံစံကဲ့သို့ပင် မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန် များကို MSME များက တန်ဖိုးမြှင့်ထုတ်လုပ်ရာတွင် QR Code ဖြင့် မူလဇစ်မြစ် ဖော်ပြနိုင် သည့် ခြေရာခံစနစ် (Traceability System) နှင့် စံချိန်စံညွှန်းမီ စိုက်ပျိုးထုတ်လုပ်မှု (GAP/

GMP) တို့ကို တွဲဖက်အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်နိုင်မည် ဖြစ်ပါသည်။

**၃.၂.၃။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ "Large-scale Fields" စီမံကိန်း(Success Story -၂)**

MSME များ၏ ဈေးကွက်ချိတ်ဆက်မှုအစီအစဉ်အရ ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝ ကျွန်းပေါ်ဒေသရှိ တောင်သူများသည် ဆန်စပါးများကို ကုန်ကြမ်းသက်သက်အနေဖြင့်သာ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ကြရသဖြင့် ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးနိမ့်ကျခြင်း (Low-value Export) နှင့်ဈေးနှုန်းအတက်အကျဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရပါသည်။ တစ်ဖက်တွင်လည်း ဒေသတွင်းရှိ အစားအစာ MSME များသည် နိုင်ငံတကာ စံချိန်စံညွှန်းမီ သော ကုန်ကြမ်းပမာဏကို စဉ်ဆက်မပြတ် မရရှိခြင်းနှင့် ငွေကြေးအရင်းအနှီး လည်ပတ်မှု အခက်အခဲများ ကြုံတွေ့နေရပါသည်။

ဗီယက်နမ်အစိုးရက "Large-scale Paddy Fields" စီမံကိန်းကို ဖော်ထုတ်ကာ တောင်သူများနှင့် MSME များကို ဘဏ်ချေးငွေ၊ နည်းပညာနှင့် စံပြစာချုပ်လယ်ယာစနစ် (Contract Farming) တို့ဖြင့် ချိတ်ဆက်ပေးခဲ့ပါသည်။ တောင်သူများသည် အသင်းအဖွဲ့များ ဖွဲ့စည်းကာ အစိုးရ၏ နည်းပညာအကူအညီဖြင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေး နည်းစနစ်များနှင့် စံနှုန်းများကို ကျင့်သုံးလာကြပြီး လိုအပ်သော အရည်အသွေးမီ စပါး/ ဆန် ကုန်ကြမ်းများကို MSME စက်ရုံများသို့ တည်ငြိမ်စွာ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။Agro-based MSME များက အဆိုပါ ကုန်ကြမ်းများကို အဆင့်မြင့် ထုပ်ပိုးမှုစနစ်၊ အမှတ်တံဆိပ် ကောင်းများ (Branding) ဖန်တီးကာ အီးယူ (EU) နှင့် အမေရိကန် အပါအဝင် ကမ္ဘာ့ ဈေးကွက်ကြီးများသို့ တန်ဖိုးမြင့် စားသောက်ကုန်အဖြစ် အောင်မြင်စွာ တင်ပို့နိုင်ခဲ့ပါသည်။

ကုန်ကြမ်းဈေးကွက် ပျက်စီးခြင်းမှ ကင်းဝေးသွားပြီး စာချုပ်လယ်ယာစနစ်အရ တရားဝင် ဝယ်ယူမှုများနှင့် အမြတ်အစွန်း ခွဲဝေမှုစနစ်ကြောင့် တောင်သူများ၏ တစ်နှစ်တာ ဝင်ငွေ သိသာထင်ရှားစွာ မြင့်တက်လာခဲ့ပါသည်။ ကုန်ကြမ်းပြတ်လပ်မှု မရှိတော့ဘဲ

စက်ရုံများကို နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း တစ်နှစ်ပတ်လုံး တည်ငြိမ်စွာ လည်ပတ်နိုင်ခဲ့ကာ ထုတ်လုပ်မှု စွမ်းအား မြင့်မားလာခဲ့ပါသည်။ နိုင်ငံတွင်းရှိ လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့နေရခြင်းမှရပ်တန့်ကာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတကာအဆင့်မီတန်ဖိုးမြင့် စားသောက်ကုန်များအဖြစ် တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

## အခန်း (၄)

## မြန်မာနိုင်ငံ၏ လက်ရှိမြေပြင်အခြေအနေ၊ စိန်ခေါ်မှုများနှင့် တွေ့ရှိချက်များ

### ၄.၁။ မက်ခရိုစီးပွားရေးနှင့် စက်မှု-လယ်ယာ ဟန်ချက်

လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေးတွင် သွင်းအားစု ကြီးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့် လျှပ်စစ်စွမ်းအင် မတည်ငြိမ်ခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေ ပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။ ၂၀၂၅-၂၀၂၆ တွင် စက်မှုကဏ္ဍသည် GDP ၏ ၃၅.၆% အထိ ရှိလာသော်လည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် Agro-processing စက်မှုလုပ်ငန်းများ အပြည့်အ၀ မဖွံ့ဖြိုးသေးသဖြင့် စားသုံးဆီနှင့် အခြားလူသုံးကုန်များကို ပြည်ပမှ အမြောက်အမြား တင်သွင်းနေရဆဲ ဖြစ်ပါသည်။[12]

### ၄.၂။ လယ်ယာစီးပွား မြေပြင်စစ်တမ်းတွေ့ရှိချက်များ

စပါးစိုက်တောင်သူများ၏ သွင်းအားစု အသုံးစရိတ်မှာ တစ်ကေလျှင် ၆၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည် (ယူရီးယား ၂၃% တိုး၊ လယ်ထွန်ခ ၅၅% တိုး၊ လုပ်သားခ ၈၀% ကျော်တိုး)။ သို့သော် ရိတ်သိမ်းချိန် အခြေခံဈေး စပါးဈေးမှာ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သဖြင့် တောင်သူများ၏ ကာလပေါက်ဈေးအရ အမြတ်ငွေ(Nominal Profit) သည် ၄၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားခဲ့ပါသည်။ တရားဝင် စိုက်ပျိုးရေးချေးငွေ ရရှိမှုသည် ၂၀၂၁ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၅/၂၆ ခုနှစ် တွင် ၃၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါသည်။ ဓာတ်မြေသြဇာ ရောင်းအား ၃၁ ရာခိုင်နှုန်းနှင့်ပိုးသတ်ဆေးရောင်းအား ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး သယ်ယူပို့ဆောင်ရေး အခက်အခဲသည် အဓိကအဟန့်အတား ဖြစ်နေပါသည်။ [13]

---

12 **World Bank Group. (2026).** *Myanmar Economic Monitor & Transforming food processing industries:*

13 **Aung, K. T., & Minten, B. (2026).** *Rice productivity and profitability during the 2025 monsoon season in Myanmar* (Working Paper). International Food Policy Research Institute (IFPRI)

| ညွှန်းကိန်း (Indicators) | ပြောင်းလဲမှု ရာခိုင်နှုန်း (%) | သုံးသပ်ချက် |
|---|---|---|
| တစ်နိုင်ငံလုံး ပျမ်းမျှစပါးအထွက်နှုန်း | - ၈ % | ရာသီဥတုနှင့် သွင်းအားစု သုံးစွဲမှု လျော့ကျခြင်းကြောင့် ကျဆင်းခြင်း၊ |
| တစ်ဧက ပျမ်းမျှသွင်းအားစုအသုံး စရိတ် | + ၆၃ % | ဓာတ်မြေဩဇာ၊ လောင်စာဆီနှင့် လုပ်အားခ ကြီးမြင့်ခြင်း၊ |
| အမျိုးသား/အမျိုးသမီး လုပ်အားခ | + ၈၈% / + ၈၃% | ကျေးလက်လုပ်သား ရှားပါးလာမှု ကြောင့်ကုန်ကျစရိတ်မြင့်တက်ခြင်း၊ |
| လယ်ယာအခြေခံစပါးရောင်းဈေး | - ၆ % | ရိတ်သိမ်းချိန် သိုလှောင်ရုံမရှိဘဲ အလုအယက် ရောင်းချရသဖြင့် ဈေးကျ ခြင်း၊ |
| တောင်သူများ၏ ကာလပေါက်ဈေး အရ အမြတ်ငွေ | - ၄၀ % | စရိတ်တက်ပြီးဈေးကျသဖြင့်စိုက် ပျိုး ထုတ်လုပ်သူများ ကြီးစွာနစ်နာခြင်း၊ |

**၄.၃။ လယ်ယာစိုက်ပျိုးသူများနှင့် MSME များအကြား ပူးပေါင်းဆောင်ရွက်မှု၏ အခန်းကဏ္ဍ**

လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကထုတ်လုပ်နေကြသော တောင်သူများနှင့် ၎င်းတို့၏ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်ကြသည့် MSME လုပ်ငန်းရှင်များသည် တစ်ဦးနှင့်တစ်ဦး စီးပွားရေးအရ အပြန်အလှန် တိုက်ရိုက် အမှီသဟိုပြု နေကြရသော မဏ္ဍိုင်များ ဖြစ်ကြပါသည်။ တောင်သူများအနေဖြင့် မိမိတို့၏ ထွက်ကုန်များ အတွက် အာမခံချက်ရှိပြီး တည်ငြိမ်သော ဈေးကွက်ကို ရရှိရန်အတွက် MSME များနှင့် ချိတ်ဆက်မှု လိုအပ်သကဲ့သို့ MSME များဘက်မှလည်း နိုင်ငံတကာ သို့မဟုတ်ပြည်တွင်းဈေးကွက် တောင်းဆို ချက်နှင့်အညီ စံချိန်စံညွှန်းမီသော အရည်အသွေးမြင့် ကုန်ကြမ်းများကို ပုံမှန်ရရှိရန်အတွက် တောင်သူများနှင့် ပူးပေါင်းရန် မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။တောင်သူများနှင့် MSME များ သို့မဟုတ် စိုက်ပျိုးရေးအခြေခံ

ကုမ္ပဏီများအကြား တရားဝင် ရေးသားထားသော စာချုပ်များ သို့မဟုတ်ယုံကြည်မှုအခြေခံသော သဘောတူညီချက်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Contract Farming Scheme) သည် တန်ဖိုးကွင်းဆက်တစ်လျှောက် အဓိကကျသော လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်။

ဤစနစ်အရ တောင်သူများသည် ကြိုတင်သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဈေးကွက် ပေါက်ဈေး အာမခံချက် (Buy-back Guarantee) ရရှိခြင်း၊ အရင်းအနှီးနှင့် သွင်းအားစုများ ကြိုတင် ရရှိခြင်းတို့ကြောင့် ဝင်ငွေတည်ငြိမ်မှုကို ပိုင်ဆိုင်စေနိုင်ပြီး၊ MSME များအနေဖြင့်လည်း မိမိတို့ လိုအပ်သော ကုန်ကြမ်းပမာဏကို အချိန်မီပုံမှန် ရရှိစေကာ ကုန်ထုတ်လုပ်မှုကို ချောမွေ့စွာ ဆောင်ရွက်နိုင်စေပါသည်။ MSME များ သို့မဟုတ် ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်း များသည် တောင်သူများထံသို့ မျိုးကောင်းမျိုးသန့်များ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲနည်းများအပြင် ခေတ်မီစိုက်ပျိုးရေးနည်းပညာ (Good Agricultural Practices - GAP) များကို ထောက်ပံ့ပေးနိုင်ပါသည်။ နည်းပညာနှင့် ဗဟုသုတများကို ဖလှယ်ပံ့ပိုးပေးခြင်းအား ဖြင့် တောင်သူများဘက်မှ သီးနှံထွက်နှုန်း (Yield) နှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုသကဲ့သို့၊ MSME များအတွက်လည်း တန်ဖိုးမြှင့်ထုတ်ကုန် (Value-added Products) များနှင့် စားသုံးသူဘေးကင်းလုံခြုံရေး (Food Safety & Traceability) စံချိန်စံညွှန်းများ ကို ပြည့်မီစွာ ထုတ်လုပ်နိုင်စေမည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

## ၄.၄။ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အတားအဆီးများ

တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံငွေနှင့် အရည်အသွေးမြင့် သွင်းအားစုများ ဝယ်ယူရန် ငွေကြေးအရင်းအမြစ် လုံလောက်မှု မရှိခြင်းမှာ အဓိကအတားအဆီးတစ်ရပ် ဖြစ်ပါသည်။နိုင်ငံအတွင်းရှိ ပုဂ္ဂလိက ကူးသန်းရောင်းဝယ်ရေး ဘဏ် များ၏ စိုက်ပျိုးရေးကဏ္ဍသို့ ချေးငွေထုတ်ချေးပေးမှုမှာ စုစုပေါင်းဘဏ်ချေးငွေ၏ ၂ ရာခိုင်နှုန်း အောက်သာ ရှိနေပြီး၊ ချေးငွေရရှိရန် တင်းကျပ်သော အာမခံပစ္စည်း တောင်းခံမှုများနှင့် အတိုးနှုန်း ကန့်သတ်ချက်များက MSME များအတွက်ပါ ငွေကြေးအရင်းအမြစ်ရရှိရန် အလွန်ခက်ခဲစေလျက် ရှိပါသည်။

လယ်ယာထွက်ကုန်များကို နိုင်ငံတကာစျေးကွက် သို့မဟုတ် ပြည်တွင်း စူပါမားကတ်များ၏ တောင်းဆိုချက်နှင့်အညီ ကိုက်ညီသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်စွမ်းမှာ တောင်သူများနှင့် MSME များတွင် အားနည်းချက်ရှိနေပါသည်။ကျွမ်းကျင်မှု အားနည်းခြင်းနှင့် စနစ်တကျ ထိန်းချုပ်စစ်ဆေးနိုင်သည့် အခြေခံအဆောက်အအုံ မလုံလောက်မှုများကြောင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value-added Products) များ၏ အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းရန် ခက်ခဲလျက်ရှိပါသည်။

သင့်လျော်သော သိုလှောင်ရုံများနှင့် အအေးခန်းစနစ် (Cold Chain Storage) မလုံလောက်မှုများကြောင့် တောင်သူများသည် ရိတ်သိမ်းချိန် (Harvest Season) တွင် ကုန်ပစ္စည်း များကို မသိုလှောင်နိုင်ဘဲ အမြန်ထုတ်ရောင်းချရသဖြင့် စျေးနှိမ်ခံရမှုများနှင့် ရင်ဆိုင်ကြရပါသည်။ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်လျှောက်တွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ၊ လောင်စာဆီစျေးနှုန်း မြင့်မားမှုနှင့် လုံခြုံရေးဆိုင်ရာ အခက်အခဲများက ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ကို ပြတ်တောက်စေကာ ကုန်ပစ္စည်းအလေအလွင့်များပြားမှုကို ဖြစ်ပေါ်စေပါသည်။

တောင်သူများနှင့် MSME လုပ်ငန်းရှင်များသည် ပြည်တွင်းပြည်ပ စျေးကွက်များ၏ ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) အချက်အလက်များကို အချိန်နှင့်တပြေးညီ (Real-time) တိတိကျကျ သိရှိနိုင်သည့် စနစ်များ အားနည်းလျက်ရှိပါသည်။စျေးကွက် သတင်းအချက်အလက် ကွာဟချက် (Information Gap) ရှိနေခြင်းကြောင့် ထုတ်လုပ်မှု ပမာဏနှင့် စျေးနှုန်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ပြီး ကြားပွဲစားများကို ပိုမိုမှီခိုရသည့် အနေအထားသို့ ရောက်ရှိစေပါသည်။

MSME စက်ရုံများ၏ ပျမ်းမျှ ထုတ်လုပ်နိုင်စွမ်း အသုံးချမှု (Capacity Utilization) သည် ၅၇ ရာခိုင်နှုန်းသာရှိပြီး၊ စက်ရုံအပြည့်အဝ လည်ပတ်နိုင်သည့် လုပ်ငန်းမှာ ၉ ရာခိုင်နှုန်းသာ ရှိပါ သည်။ လုပ်ငန်းများ၏ ၁၆ ရာခိုင်နှုန်းခန့်သာ နေရောင်ခြည်စွမ်းအင် (Off-grid Solar) သို့ ကူးပြောင်းနိုင်သေးပြီး လုပ်ငန်းများ၏ ၁၅ ရာခိုင်နှုန်းခန့်သာ ကုန်ကြမ်းပေးသွင်းသူ တောင်သူများထံမှ GAP လက်မှတ် တောင်းဆိုနိုင်ကြပါသည်။ ထုတ်လုပ်သည့် အစားအစာများ၏ ၂ ရာခိုင်နှုန်း

ခန့်သာ တိုက်ရိုက် ပြည်ပတင်ပို့နိုင်ပြီး ၉၆ ရာခိုင်နှုန်းသည် ပြည်တွင်း အလွတ်သဘော ဈေးကွက်များတွင်သာ လည်ပတ်နေပါသည်။

## ၄.၅။ စာချုပ်လယ်ယာစနစ် (Contract Farming) အားနည်းခြင်းနှင့် ယုံကြည်မှုကွာဟချက်

မြန်မာနိုင်ငံတွင် တောင်သူများနှင့် MSME များအကြား ရောင်းဝယ်မှု အများစုသည် နှုတ်ကတိ သို့မဟုတ် ယာယီသဘောတူညီချက်များဖြင့်သာ ပြုလုပ်ကြပါသည်။ ဈေးကွက်ပေါက်ဈေး အပြောင်းအလဲ ဖြစ်ပေါ်လာသည့်အခါ တောင်သူဘက်မှ အခြားသူထံ ခိုးရောင်းခြင်း (Side-selling) သို့မဟုတ် ဝယ်ယူသူ MSME ဘက်မှ ဈေးနှိမ်ခြင်း/ဝယ်ယူရန် ငြင်းဆန်ခြင်း (Defaulting) တို့ ဖြစ်ပွားလေ့ရှိပါသည်။ ကျေးလက်ဒေသများတွင် တရားဝင် စာချုပ်ချုပ်ဆိုမှုဆိုင်ရာ ဥပဒေအကာအကွယ်နှင့် အငြင်းပွားမှု ဖြေရှင်းပေးနိုင်သည့် ယန္တရားများ ကင်းမဲ့နေခြင်းက နှစ်ဦးနှစ်ဖက် ယုံကြည်မှုကို ပြိုလဲစေပါသည်။

တောင်သူများသည် MSME စက်ရုံများနှင့် နိုင်ငံတကာဈေးကွက်တွင် မည်သည့် သီးနှံအမျိုးအစား၊ မည်သည့်အရည်အသွေး အဆင့်အတန်း (Grade & Standard) နှင့် မည်သည့်ပမာဏ လိုအပ်နေသည်ကို အချိန်နှင့်တပြေးညီ မသိရှိကြပါ။ ထို့အတူ MSME များသည်လည်း မည်သည့်ဒေသတွင် မည်သည့်သီးနှံ မည်မျှစိုက်ပျိုးထားသည်ကို ကြိုတင်မခန့်မှန်းနိုင်ကြပါ။ ဤသတင်းအချက်အလက် ကွာဟချက်ကြောင့် ရိတ်သိမ်းချိန်တွင် ပွဲစားများကိုသာ ကြားခံထားရောင်းဝယ်နေရပြီး တောင်သူများ ဈေးနှိမ်ခံရခြင်းနှင့် ရာသီအလိုက် သီးနှံပုံခြင်းများ ဖြစ်ပေါ်စေပါသည်။

စိုက်ပျိုးပြီး ထွက်ပေါ်လာသော သီးနှံများသည် သမားရိုးကျ ကိုင်တွယ်မှုများကြောင့် အရေအတွက်နှင့် အရည်အသွေး ဆုံးရှုံးမှု (Quantitative & Qualitative Loss) ကြီးမားပါသည်။ ဆန်စပါးကဏ္ဍတွင် စက်မှုလယ်ယာစနစ် မပြည့်စုံခြင်းနှင့် အခြောက်ခံစက် (Dryer) မလုံလောက်ခြင်းကြောင့် ကောက်လှိုင်းထောင်ထားစဉ်နှင့် လမ်းဘေးအခြောက်ခံစဉ် ပျက်စီးမှုများပြားပါသည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍတွင် အအေးခန်းသိုလှောင်ရုံ (Cold Storage) နှင့် အအေးပေးယာဉ်များ (Refrigerated Trucks) မရှိသလောက် ရှားပါးသဖြင့် ပျက်စီးဆုံးရှုံးမှုမှာ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ပါသည်။

စိုက်ပျိုးရေးသည် ရာသီအလိုက်ငွေထုတ်သုံးရပြီး ရိတ်သိမ်းပြီးမှ ဝင်ငွေရသော စက်ဝန်း ဖြစ်သော်လည်း ဘဏ်အများစုသည် ပုံစံ (၇) သို့မဟုတ် မြေနှင့် အဆောက်အအုံ အပေါင်ပစ္စည်း (Collateral) ကိုသာ တောင်းခံနေဆဲ ဖြစ်ပါသည်။ တောင်သူများသည် စိုက်ပျိုးစရိတ်အတွက် အတိုးကြီးမားသော ပြင်ပငွေချေးသူများကို အားကိုးနေရပြီး၊ MSME များသည်လည်း ကုန်ကြမ်း အစုလိုက် ဝယ်ယူရန်နှင့် စက်ပစ္စည်း အဆင့်မြှင့်တင်ရန် လည်ပတ်ငွေကြေး မရရှိကြသဖြင့် ကွင်းဆက်တစ်ခုလုံး ငွေကြေးအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

# အခန်း (၅)

## အစိုးရ၊ ပုဂ္ဂလိက၊ သမဝါယမနှင့် ထုတ်လုပ်သူများ သုံးပွင့်ဆိုင် မဟာဗျူဟာမူဘောင်

### ၅.၁။ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ မူဘောင်၏ သဘောတရားနှင့် အရေးပါပုံ

မြန်မာနိုင်ငံ၏ လယ်ယာစီးပွား ကွင်းဆက်တစ်လျှောက်တွင် ကြုံတွေ့နေရသော သွင်းအားစုစရိတ် ကြီးမြင့်မှု၊ နည်းပညာနှင့်ဈေးကွက် သတင်းအချက်အလက် ကွာဟမှု၊ အအေးပေးသိုလှောင်ရုံ မလုံလောက်မှုနှင့် ဘဏ္ဍာရေး အရင်းအမြစ်ရရှိရန် ခက်ခဲမှုစသည့် စနစ်ပိုင်းဆိုင်ရာ အဟန့်အတားများကို ဖြေရှင်းရာ၌ ဌာနဆိုင်ရာ သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်း၏ သီးခြားကြိုးပမ်းမှုဖြင့် မလုံလောက်နိုင်ပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက MSME လုပ်ငန်းရှင်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် သမဝါယမများအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် သုံးပွင့်ဆိုင် မဟာဗျူဟာ မူဘောင် (PPPP Model) ကို မဖြစ်မနေ တည်ဆောက် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဤမဟာဗျူဟာ မူဘောင်သည် ကုန်ကြမ်းထုတ်လုပ်မှု အဆင့်မှစတင်၍ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ပို့သည်အထိ ပါဝင်သူအားလုံး အပြန်အလှန် အကျိုးဖြစ်ထွန်းစေပြီး စီးပွားရေးအရ စွန့်စားရမှုများကို ခွဲဝေတာဝန်ယူနိုင်သည့် ဂေဟစနစ်တစ်ရပ်ကို ဖော်ဆောင်ပေးမည် ဖြစ်ပါသည်။

### ၅.၂။ မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ တာဝန်နှင့် လုပ်ငန်းတာဝန် ခွဲဝေမှု

အစိုးရကဏ္ဍအနေဖြင့်ဆက်စပ်ဝန်ကြီးဌာနများနှင့် ဗဟိုဘဏ်တို့ ပါဝင်သော အမျိုးသား တန်ဖိုးကွင်းဆက် ဦးဆောင်ကော်မတီကို ဖွဲ့စည်း၍ မူဝါဒများကို ဟန်ချက်ညီညီ ပေါင်းစပ် ညှိနှိုင်းရမည် ဖြစ်ပါသည်။ ထို့ပြင် တောင်သူများနှင့် MSME များအကြား ချုပ်ဆိုမည့် မျှတသော စံပြ စာချုပ်လယ်ယာစနစ် (Standard Contract Template) ကို ရေးဆွဲပြဋ္ဌာန်းပေးခြင်း၊ စာချုပ် ဖောက်ဖျက်မှု အငြင်းပွားမှုများကို တရားရုံးမရောက်မီ မြို့နယ်အဆင့် ခုံသမာဓိအဖွဲ့များဖြင့် ရက် သတ္တပတ် ၂ ပတ်အတွင်း လျင်မြန်စွာ ဖြေရှင်းပေးခြင်း၊ ဆိုလာစွမ်းအင်သုံး အအေးခန်း သိုလှောင်ရုံ များ တည်ဆောက်ပေးခြင်းနှင့် လုပ်ငန်းလိုင်စင်၊ GAP၊ GMP၊ FDA ထောက်ခံချက်များကို တစ် နေရာတည်းတွင် ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပညာရေးနှင့် လူ့စွမ်းအားအရင်း အမြစ်

ပေါင်းစပ်မှုကဏ္ဍအနေဖြင့် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် စက်မှုလက်မှုသိပ္ပံ (GTI/GTHS) များမှ မွေးထုတ်ပေးသော ကျွမ်းကျင်လုပ်သား လူငယ်များကို ဒေသတွင်း Agro-based MSME လုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်နေရာချထားပေးရပါမည်။ တစ်ပြိုင်တည်းတွင် တက္ကသိုလ်များနှင့် သိပ္ပံသုတေသနဌာနများက ဒေသထွက် လယ်ယာကုန်ကြမ်းများကို အဆင့်မြင့် တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်ရန် ဓာတ်ခွဲခန်း စစ်ဆေးမှုနှင့် ခေတ်မီထုပ်ပိုးမှု (Modern Packaging) နည်းပညာများကို လက်တွေ့ ပံ့ပိုးကူညီပေးရမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍတွင် Agro-based MSME လုပ်ငန်းရှင်များက တောင်သူများထံမှ ကုန်ကြမ်းများကို ကြိုတင်သတ်မှတ်ထားသော အာမခံဈေးနှုန်းဖြင့် တည်ငြိမ်စွာ ဝယ်ယူပြီး၊ GMP နှင့် HACCP စံနှုန်းများနှင့်အညီ စက်ရုံတွင်း သန့်စင်ထုတ်လုပ်ကာ ပြည်တွင်းစူပါမားကတ်များနှင့် ပြည်ပ ပို့ကုန်ဈေးကွက်များသို့ ချိတ်ဆက်တင်ပို့ရောင်းချရပါမည်။ ထို့ပြင် စက်ရုံသုံး ကုန်ကြမ်း စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် တောင်သူများထံသို့ မျိုးကောင်းမျိုးသန့်၊ သဘာဝမြေသြဇာနှင့် GAP စိုက်ပျိုးရေးနည်းပညာများကို ကြိုတင် ပံ့ပိုးပေးရမည် ဖြစ်ပါသည်။ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ အနေဖြင့်လည်း ရိုးရာမြေယာအပေါင်ကိုသာ အခြေမခံဘဲ စာချုပ်လယ်ယာမှတ်တမ်း၊ သိုလှောင်ရုံပြေစာ (Warehouse Receipt) နှင့် ဒီဂျစ်တယ် အရောင်းအဝယ်မှတ်တမ်းများအပေါ် အခြေခံသည့် အစားထိုးချေးငွေစိစစ်မှု (Alternative Credit Scoring) ဖြင့် သက်သာသော အတိုးနှုန်း ချေးငွေများကို တိုးချဲ့ထုတ်ချေးပေးရမည် ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့်သမဝါယမများအနေဖြင့် တစ်ပိုင်တစ်နိုင် ပြန့်ကျဲ နေသော အခြေအနေမှသည် သီးနှံ့အခြေပြု ထုတ်လုပ်သူအစုအဖွဲ့များ (FPOs) နှင့် ခေတ်မီ သမဝါယမများအဖြစ် စနစ်တကျ စုစည်းကာ သွင်းအားစုများကို စုပေါင်းလက်ကားဝယ်ယူခြင်း (Bulk Purchasing) ဖြင့် ကုန်ကျစရိတ် ချွေတာရပါမည်။ ထို့နောက် "မျိုး၊ မြေ၊ ရေ၊ နည်း" လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေးအလေ့အထကောင်းများ (GAP) ကို တိကျစွာ လိုက်နာ ကျင့်သုံး၍ ဓာတုဓာတ်ကြွင်း ကင်းစင်သော အရည်အသွေးမီ ကုန်ကြမ်းများကို စာချုပ်ပါ ပမာဏ အတိုင်း ပုံမှန်ပေးပို့ဖြည့်ဆည်းရပါမည်။ အထူးသဖြင့် စာချုပ်ပါ စည်းကမ်းချက်များကို လေးစား လိုက်နာပြီး ပြင်ပသို့ ခိုးရောင်းခြင်းမပြုဘဲ

အစုအဖွဲ့လိုက် အချင်းချင်း ထိန်းကျောင်းသည့်စနစ် (Peer Monitoring) ဖြင့် ဈေးကွက်ယုံကြည်မှုကို တည်ဆောက်သွားရမည် ဖြစ်ပါသည်။

**၅.၃။ သုံးပွင့်ဆိုင် မူဘောင် အောင်မြင်စေရန် အဓိက မောင်းနှင်အားများနှင့် မျှော်မှန်းရလဒ်များ**

သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု ယန္တရား အောင်မြင်စေရန်အတွက် တောင်သူများနှင့် MSME များအကြား အဆင့်ဆင့်သော ကြားခံပွဲစားများကို လျှော့ချနိုင်မည့် ဒေသန္တရ ကုန်စည်ပြပွဲ များ (B2B Matchmaking)၊ မိုဘိုင်းလ်ဖုန်း အခြေပြု ဒီဂျစ်တယ် B2B ကုန်စည်ပလက်ဖောင်း များနှင့် စုပေါင်းကုန်စည်စုဆောင်းရေးစင်တာများကို ထူထောင်ပေးရပါမည်။ ထို့ပြင် ဈေးကွက် ပေါက်ဈေး ပြောင်းလဲမှုကြောင့် စာချုပ်ဖောက်ဖျက်မှုများ မဖြစ်ပေါ်စေရန် အခြေခံရည်ညွှန်းဈေး (Benchmark Price)၊ အရည်အသွေး ပရီမီယံဆုကြေး (Quality Premium) နှင့် အနည်းဆုံး အာမခံဈေး (Floor Price) တို့ ပါဝင်သော မျှတသည့် စာချုပ်ဈေးနှုန်း ဖော်မြူလာကို မဖြစ်မနေ ထည့်သွင်း ကျင့်သုံးရမည် ဖြစ်ပါသည်။ ကုန်ပစ္စည်းရောက်ရှိပြီး ၃ ရက်မှ ၅ ရက်အတွင်း Mobile Banking သို့မဟုတ် Digital Wallet များဖြင့် တောင်သူ့လက်ဝယ်သို့ အချိန်မီ ငွေပေးချေစေခြင်း နှင့် ထုတ်ကုန် မူလဇာစ်မြစ်ကို ဖုန်းဖြင့်စစ်ဆေးနိုင်သည့် QR Code Traceability စနစ်များကို ဒီဂျစ်တယ်နည်းပညာဖြင့် ပေါင်းစပ်ပေးရပါမည်။

ဤသုံးပွင့်ဆိုင် မူဘောင်ကို စနစ်တကျ အကောင်အထည်ဖော်ခြင်းအားဖြင့် စိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ရာသီဥတုနှင့် သွင်းအားစုစရိတ် ကြီးမြင့်မှု အန္တရာယ်များကို ကျော်လွှား ကာ အာမခံဈေးကွက်နှင့် တည်ငြိမ်သော ဝင်ငွေကို ရရှိစေမည် ဖြစ်ပါသည်။ တစ်ပြိုင်တည်းတွင် Agro-based MSME များသည်လည်း လျှပ်စစ်နှင့် ဈေးကွက်မတည်ငြိမ်မှုများ ကြုံတွေ့ရလင့်ကစား စံချိန်မီကုန်ကြမ်းများကို ပုံမှန်ရရှိပြီး စက်ရုံထုတ်လုပ်နိုင်စွမ်း ပြည့်မီစွာ လည်ပတ်နိုင်သဖြင့် စီးပွားရေးအရ အမြတ်အစွန်း ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ချေးငွေဈေးကွက်သစ်များ ရရှိပြီး အရောင်းအဝယ် မှတ်တမ်းများကြောင့် စွန့်စားရမှု နည်းပါးသွားမည့်အပြင်၊ အစိုးရအနေဖြင့်လည်း သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ခြင်း၊ ပြည်တွင်းကုန်စည် လုံလောက်မှုကြောင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခြင်းနှင့်

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး (GDP)ကို ရေရှည်တည်တံ့စွာ ဦးမော့လာစေခြင်းစသည့် ဘက်စုံမဟာဗျူဟာ မြောက် အကျိုးကျေးဇူးများကို အပြည့်အဝ ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။

## အခန်း( ၆ )

## နိဂုံးချုပ်နှင့် မူဝါဒဆိုင်ရာ တိုက်တွန်းချက်များ

မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးတစ်ခုတည်းကိုသာ ဦးတည်သည့် ရိုးရာမူဝါဒသည် မလုံလောက်တော့ကြောင်း ထင်ရှားပါသည်။ သွင်းအားစုစရိတ်များ မြင့်တက်လာ ချိန်တွင် တောင်သူ့လက်ဝယ်အခြေခံဈေး ကျဆင်းသွားခြင်း၊ အအေးပေးပို့ဆောင်ရေးစနစ်နှင့် သိုလှောင်ရုံ မလုံလောက်သဖြင့် ထွက်ကုန်များ ပျက်စီးဆုံးရှုံးရခြင်းနှင့် စားသောက်ကုန် MSME စက်ရုံများ ထုတ်လုပ်နိုင်စွမ်း အပြည့်အဝ မလည်ပတ်နိုင်ခြင်းတို့သည် ထုတ်လုပ်မှုနှင့် ဈေးကွက် အကြား ချိတ်ဆက်မှု ပြတ်တောက်နေခြင်း၏ အကျိုးဆက်များ ဖြစ်ပါသည်။

ထို့ကြောင့် မူဝါဒဆိုင်ရာ ဦးတည်ချက်ကို "ထုတ်လုပ်မှုဗဟိုပြု မူဝါဒမှသည် ဈေးကွက် ဦးတည်တန်ဖိုးကွင်းဆက်ဗဟိုပြု မူဝါဒ" သို့ အမြန်ဆုံးအသွင်ကူးပြောင်းရပါမည်။ “မျိုး၊ မြေ၊ ရေ၊ နည်း” အခြေခံ (၄) ချက် ပြည့်စုံစေရေးနှင့်အတူ "ထုတ်လုပ်သူအစုအဖွဲ့ → စံပြစာချုပ် → တန်ဖိုးကွင်းဆက်ချေးငွေ → အအေးပေးသိုလှောင်မှု → GAP/GAHP/GMP စံချိန်စံညွှန်း → ဈေးကွက်နှင့် ကုန်သွယ်ရေး" ဟူသော အချက် ၆ ချက်ပါ ပေါင်းစပ်မော်ဒယ်ကို အစိုးရ၊ ပုဂ္ဂလိက၊ သမဝါယမ၊ ပညာရေးနှင့် ထုတ်လုပ်သူများ ပူးပေါင်းပါဝင်သည့် သုံးပွင့်ဆိုင် မဟာဗျူဟာမြောက် မူဘောင် (PPPP) ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရပါမည်။

“ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရ မည်” ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး၍ စားသုံးဆီသွင်းကုန် အစားထိုးခြင်း၊ ပြည်တွင်းဖြစ် ဝါးနှင့် ဝါတို့ကို အခြေခံ၍ စက္ကူနှင့် ချည်ထည်များ ထုတ်လုပ်ခြင်း၊ နာမည်ရရှိပြီးဖြစ်သော မြန်မာ့ပေါ်ဆန်း၊ မြန်မာ့ကော်ဖီနှင့် အရည်အသွေးမီ သားငါးရေထွက်ကုန် များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ခြင်းတို့ကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ပါက ထုတ်လုပ်သူများ၏ ဝင်ငွေတည်ငြိမ်တိုးတက်လာခြင်း၊ MSME များ လုပ်ငန်းရှင်သန် တိုးတက်လာခြင်း၊ ကျေးလက် ဒေသ အလုပ်အကိုင်သစ်များ ဖန်တီးနိုင်ခြင်း၊ ပြည်တွင်းကုန်စည်ထောက်ပံ့မှု တိုးတက်လာခြင်း ဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခြင်းနှင့်

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး (GDP) ကို ရေရှည်တည်တံ့ ခိုင်မာစွာ ပြန်လည်ဦးမော့လာစေခြင်းစသည့် မဟာဗျူဟာမြောက် စီးပွားရေး အကျိုးကျေးဇူးများကို အပြည့်အဝ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

## **အကိုးအကားစာရင်း**


Asian Development Bank. (2024). *Asia Small and Medium-Sized Enterprise Monitor 2024: Asia's MSMEs: Driving growth, building resilience, shaping a better future*. Asian Development Bank. https://data.adb.org/dashboard/adb-asia-sme-monitor-definition

Aung, K. T., & Minten, B. (2026). *Rice productivity and profitability during the 2025 monsoon season in Myanmar* (Working Paper). International Food Policy Research Institute (IFPRI). https://myanmar.ifpri.info/2026/06/01/rice-productivity-and-profitability-during-the-2025-monsoon-season/

Food and Agriculture Organization of the United Nations. (2014). *Developing sustainable food value chains: Guiding principles*. Food and Agriculture Organization of the United Nations. https://www.fao.org/sustainable-food-value-chains/library/ details/en/c/265156/

Food and Agriculture Organization of the United Nations. (2014). *Developing sustainable food value chains – Guiding principles (Full Publication PDF)*. Food and Agriculture Organization of the United Nations. https://openknowledge. fao.org/ bitstreams/4ed834cb-31af-4295-b04e-6dd1d5c90efd/download

Hoang, V. (2021). Impact of contract farming on farmers' income in the food value chain: A theoretical analysis and empirical study in Vietnam. *Agriculture*, 11(8), Article 797. https://doi.org/10.3390/agriculture11080797

International Food Policy Research Institute. (2026). *Myanmar Strategy Support Program: Agriculture, trade, and economic monitoring reports*. IFPRI Myanmar. https://myanmar.ifpri.info/

Ministry of Agriculture, Livestock and Irrigation. (2018). *Myanmar Good Agricultural Practices (GAP) protocol and guidelines*. Department of Agriculture, Myanmar.

Ministry of Planning and Finance. (2026). *National Gross Domestic Product (GDP) and sectoral composition report (2025–2026 FY)*. Government of the Republic of the Union of Myanmar.

United Nations Capital Development Fund. (2024). *Digital Ecosystem and Agriculture Market Support (DEAM) initiative: Myanmar country results report*. UNCDF.

World Bank Group. (2024). *Greening Viet Nam's rice bowl: A Mekong Delta success story*. World Bank Group.

World Bank Group. (2026). *Myanmar Economic Monitor & Transforming food processing industries: Navigating uncertainty*. World Bank.

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း။ (၂၀၂၅–၂၀၂၆)။ နိုင်ငံတော်အစိုးရ အစည်းအဝေးများ၊ စီးပွားရေးဖိုရမ်များနှင့် အခမ်းအနားများမှ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် MSME ကဏ္ဍဆိုင်ရာ မိန့်ခွန်းများ